နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 119, August 13, 2021)

၁။ စစ်ရိက္ခာသယ်သင်္ဘောကို KIA ပစ်ခတ်ပြီးနောက် စစ်ကောင်စီက မြစ်ကြောင်းတစ်လျှောက် လက်နက်ကြီးပစ်ကာ ရွှေကူသို့ ဆန်တက်လာ

၂။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျကာ စစ်ရှောင်ပြည်သူတစ်ဦး သေဆုံး

၃။ မုံးကိုး စစ်ရှောင်များ ရိက္ခာသယ်ယူခွင့်မရသဖြင့် ရက်ပိုင်းအတွင်း အစားအသောက်ပြတ်လပ်တော့မည်

၄။ ခလရ (၅၈) တပ်မှ မဒိန့်ကျေးရွာ ပြည်သူတစ်ဦးကို ဖမ်းဆီးသွား

၅။ စစ်အာဏာရှင်ကို အမြစ်ဖြတ်ချေမှုန်းရန် ဆုံးဖြတ်ထားဟု ကချင်အာဇာနည်နေ့ KIO ဥက္ကဋ္ဌ မိန့်ခွန်းတွင် ဖော်ပြ

၆။ အာဏာသိမ်းစစ်တပ် ပစ်ခတ်မှုကြောင့် မိုင်းနောင် ပြည်သူ ၂ဦး ဒဏ်ရာရရှိပြီး လူနေအိမ်များ ပျက်စီး

၇။ တပ်မဟာမှူးစျာပနနေ့တွင် KNU မြို့နယ်ရုံးကို စစ်ကောင်စီတပ် ဝင်ရောက်တိုက်ခိုက် သိမ်းယူ

၈။ ကျောက်ကြီး-မုန်းလမ်းမပေါ်တွင် ဝါးတားဂိတ်များကို ဖြုတ်ပေးရန် ဒေသခံလူထုတောင်းဆို

၉။ ဒေသခံအမျိုးသမီးများကို ကာကွယ်အသုံးပြုပြီး စစ်ကောင်စီတပ်နှင့် BGF တပ်ဖွဲ့များ သွားလာလှုပ်ရှားနေဟု KNU ပြော

၁၀။ ၁၃ ဦးမြောက် ပဒို မန်းရှာလူငယ်ခေါင်းဆောင်ဆုအတွက် လူမှုရေး တက်ကြွလှုပ်ရှားသူ စောမင်းခလိန်း ပေးအပ်ခံရ

၁၁။ ပလက်ဝမြို့တွင် လျှပ်စစ်မီး ပုံမှန်မပေးနိုင်သောကြောင့် ကိုဗစ်လူနာများ အောက်ဆီဂျင်ကို အလှည့်ကျဖြင့် ရှူနေရ

၁၂။ ကန်ပက်လက်မြို့နယ် ခွဲလုံသာရွာ မီးလောင်မှု လူ ၃ ဦးသေဆုံး

၁၃။ တရုတ်နိုင်ငံမှ ဝယ်ယူမှုဆက်လက်ရပ်ဆိုင်းထားပါက မွန်ပြည်နယ်ငါးလုပ်ငန်းများ ပိတ်သိမ်းရမည့် အခြေအနေကြုံတွေ့လာနိုင်

၁၄။ စစ်တွေမြို့ရှိ ဗုဒ္ဓါမော်စစ်ဘေးရှောင်စခန်း အကူအညီလိုအပ်

၁၅။ ကိုဗစ်လူနာ ၉ ဦးအထိရှိနေသည့် လေးတောင်တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိသည်မှာ ၂လနီးပါးရှိနေ

၁၆။ ရခိုင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ချင်းလူမျိုးဦးတင်လှကို ခန့်အပ်မှုအပေါ် ချင်းအဖွဲ့အစည်း (၆)ဖွဲ့ ကန့်ကွက်

၁၇။ တောင်ကြီး လူငယ် (၂)ဦး စစ်ကောင်စီ ရိက်နှက် ဖမ်းဆီးသွား

၁၈။ တရုတ်နယ်စပ်မျဉ်း ပန်ဆိုင်းမြို့ အနီးရောက် စစ်ရှောင် မိုးကာနှင့် ဆေးဝါးလိုအပ်နေ

၁၉။ ကျောက်မဲ စစ်ရှောင် (၁၀၀)ခန့် အရေးပေါ် စားနပ်ရိက္ခာလိုအပ်နေ

၂၀။ သျှမ်းမြောက် တိုင်းရင်းသားအချင်းချင်း နယ်မြေအပြန်အလှန်ကျူးကျော်မှုကြောင့် တိုက်ပွဲပြန်ဖြစ်

၂၁။ အာဏာသိမ်းတပ် ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူ ၅ ဦး ထိခိုက်ဒဏ်ရာရ

၂၂။ ကယားမှာ လက်နက်ကြီးကြောင့် ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရ

၂၃။ ထန်တလန်မြို့က ကြံ့ခိုင်ဖွံ့ဖြိုးရေး အမတ်ဟောင်း နေအိမ်မှာ ဗုံးပေါက်ကွဲ

၂၄။ ရခိုင်မှာ ကုလနဲ့ နိုင်ငံတကာဖွဲ့အစည်းတွေကို စစ်တပ်က အသွားအလာတင်းကျပ်

**************************

## ၁။ စစ်ရိက္ခာသယ်သင်္ဘောကို KIA ပစ်ခတ်ပြီးနောက် စစ်ကောင်စီက မြစ်ကြောင်းတစ်လျှောက် လက်နက်ကြီးပစ်ကာ ရွှေကူသို့ ဆန်တက်လာ

11th August 2021

ကသာမြို့နယ် မှ ဆန်တက်လာသည့် စစ်ရိက္ခာသယ် သင်္ဘောတစ်စီးကို KIA က ပစ်ခတ်လိုက်ပြီးနောက် အဆိုပါ သင်္ဘောသည် မြစ်ကမ်းတစ်လျှောက် လက်နက်ကြီးများ ပစ်ခတ်ကာ ရွှေကူမြို့သို့ ဆန်တက်လာကြောင်း သိရသည်။

KIA အနေဖြင့် တစ်နေရာတွင်သာ ပစ်ခတ်မှု ပြုလုပ်ခဲ့ပြီး ကျန်သည့်နေရာများတွင် စစ်ကောင်စီဘက်က လမ်းရှင်းသည့်သဘောဖြင့် ရမ်းသမ်းပစ်ခတ်မှုသာ ဖြစ်သည်ဟု KIO ဗဟိုဌာနချုပ် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက KNG ကို ပြောသည်။ စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် မြစ်ကမ်းဘေး ထိခိုက်မှုအခြေအနေများကို အသေးစိတ်မသိရသေးပါ။

အာဏာသိမ်းစစ်တပ်သည် ၎င်း၏စစ်ရိက္ခာနှင့် အင်အားများကို ဧရာဝတီမြစ်ကြောင်းအတိုင်း ကချင်ပြည်နယ်သို့ သယ်ဆောင်နေပြီး KIA က ကြားဖြတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

https://burmese.kachinnews.com/2021/08/11/aug-11-yl-1/

**********************

## ၂။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျကာ စစ်ရှောင်ပြည်သူတစ်ဦး သေဆုံး

12th August 2021

ကချင်လွတ်လပ်ရေးအဖွဲ့ KIO ထိန်းချုပ်နယ်မြေ မဂါးယန် စစ်ရှောင်စခန်းတွင် ဩဂုတ် ၁၂ ရက်နံနက်အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကမ်းဘေးမြေပြိုမှုဖြစ်ကာ စစ်ရှောင်ပြည်သူတစ်ဦး မြေပြိုမှုတွင် မျှောပါ သေဆုံးသွားကြောင်း စခန်းတာဝန်ခံ ထံမှ သိရသည်။

မြေပြိုမှုကြောင့် စစ်ရှောင်စခန်းအတွင်း နေအိမ် ၅ ခု ရေထဲမျှောပါသွားသည့်အပြင် နေအိမ်(၁၀)ခုသည်လည်း ပျက်ဆီးဆုံးရှုံးသွားကြောင်း သိရသည်။ လက်ရှိ ရေဘေးကြုံတွေ့နေရသော စစ်ရှောင်ပြည်သူများအတွက် နေအိမ်နှင့် အစားအသောက်များ ထောက်ပံ့ပေးရန် လိုအပ်ကြောင်း ဆက်ပြောသည်။

ရေကြီးမှုကြောင့် စစ်ရှောင်စခန်းအတွင်း သွားလာသော ရပ်ကွက်လမ်းများ မြေပြိုပိတ်ဆို့သွားသောကြောင့် လူအားဖြင့် မရှင်းလင်းနိုင်သည့်အခြေအနေ ဖြစ်နေကြောင်း သိရသည်။ မဂါးယန်စစ်ရှောင်စခန်းသည် ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စစ်ကောင်စီတပ်များ၏ ထိုးစစ်ကြောင့် တရုတ်နယ်စပ်တွင် ထပ်ဆင့် ရွှေ့ပြောင်းခဲ့ရသော စခန်းဖြစ်သည်။

https://burmese.kachinnews.com/2021/08/12/aug-12-z1/

## ၃။ မုံးကိုး စစ်ရှောင်များ ရိက္ခာသယ်ယူခွင့်မရသဖြင့် ရက်ပိုင်းအတွင်း အစားအသောက်ပြတ်လပ်တော့မည်

11th August 2021

ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးမြို့နယ် တရုတ်နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်နေသော စစ်ရှောင်များအတွက် စားနပ်ရိက္ခာ ပို့ဆောင်ပေးရန် အာဏာသိမ်းစစ်တပ်မှ တားဆီးပိတ်ပင်သောကြောင့် အစားသောက်နှင့် ဆေးဝါးအခက်အခဲ ကြုံတွေ့နေရကြောင်း စစ်ရှောင်ပြည်သူတစ်ဦးထံမှ သိရသည်။

ထိုသို့ ပိတ်ပင်မှုကြောင့် လက်ရှိထွက်ပြေးနေသော မန့်ယန် နှင့် ဘန်မွေးကျေးရွာများမှာ စစ်ရှောင် ၁၇၀ ခန့်သည် လာမည့်ရက်ပိုင်းအတွင်း စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်ကာ အသက်အန္တရာယ်ဆိုင်ရတော့မည်ဟု ဆိုသည်။

ဩဂုတ် ၃ ရက်နေ့မှစပြီး မုံးကိုးမြို့နယ်အတွင်း အာဏာသိမ်းစစ်တပ်နှင့် ကိုးကန့် MNDAA ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ဖောင်းဆိုင်ဒေသ မန်ယန်နှင့်ဘန်မွေး ဒေသခံများသည် တရုတ်နယ်စပ်သို့ ထပ်မံ ထွက်ပြေး ခိုလှုံနေရခြင်း ဖြစ်သည်။ ၎င်းတို့ကို တရုတ်နိုင်ငံဘက်မှလည်း လက်ခံခြင်းမရှိသောကြောင့် နယ်စပ်တွင်သာ ဝါးတဲပြုလုပ်ကာ ခိုလှုံနေရကြောင်း သိရသည်။

https://burmese.kachinnews.com/2021/08/11/aug-11-ld1/

**********************

## ၄။ ခလရ (၅၈) တပ်မှ မဒိန့်ကျေးရွာ ပြည်သူတစ်ဦးကို ဖမ်းဆီးသွား

11th August 2021

ဝိုင်းမော် ခလရ(၅၈)တပ်သားများသည် မဒိန့်ကျေးရွာနေ ပြည်သူများ၏နေအိမ်များအား ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ပြီးနောက် ဩဂုတ်လ ၁၀ရက်ည ၁၁ နာရီဝန်းကျင် ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း ဒေသခံများထံမှ သိရသည်။

လက်ရှိ ဖမ်းဆီးခံသွားရသည့် ပြည်သူအား မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း မသိရသေးပေ။ ထို့ပြင် ဝိုင်းမော်အခြေစိုက် စစ်ကောင်စီ၏ ခလရ (၅၈)တပ်ရင်းသည် ဩဂုတ်လ (၉)ရက်ညကလည်း ဝိုင်းမော် ဘူးဂါးလျှပ်စစ်ရုံးဝန်ထမ်း (၆)ဦးကို ဖမ်းဆီးခဲ့ပြီး စစ်ဆေးနေဆဲ ဖြစ်သည်ဟု သိရသည်။

ဇူလိုင်လ (၂၉)ရက်ညက ခလရ(၅၈) တပ်ရင်းကို ကချင်လွတ်လပ်ရေးတပ်မတော် KIA က လာရောက်တိုက်ခိုက်သည့်နောက်ပိုင်း တိုက်ပွဲ ဆက်မဖြစ်တော့သော်လည်း စစ်ကောင်စီတပ်မှ ညစဉ် လူနေကျေးရွာများဘက်သို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။

https://burmese.kachinnews.com/2021/08/11/aug-11-y2/

**********************

### ၅။ စစ်အာဏာရှင်ကို အမြစ်ဖြတ်ချေမှုန်းရန် ဆုံးဖြတ်ထားဟု ကချင်အာဇာနည်နေ့ KIO ဥက္ကဋ္ဌ မိန့်ခွန်းတွင် ဖော်ပြ

10th August 2021

လူမျိုးကြီးဝါဒကျင့်သုံးပြီး အုပ်ချုပ်နေသော စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ် ချေမှုန်းသွားရန် KIO အနေဖြင့် ဗမာပြည်သူလူထု၊ အဖွဲ့အစည်းများဖြင့် လက်တွဲလုပ်ဆောင်နေကြောင်း ယနေ့ ကျရောက်သော ကချင်အာဇာနည်နေ့တွင် KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ၏ မိန့်ခွန်းတွင် ပါရှိသည်။

အာဏာသိမ်းစစ်အုပ်စုသည် ပြည်သူကို ရန်သူသဖွယ် ပစ်သတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ ပြည်သူလူထုနေအိမ်များကို မီးရှို့ခြင်း၊ ငွေကြေး ဥစ္စာ လုယက်ခြင်း စသည့်လုပ်ရပ်များသည် ၂၁ ရာစု မည်သည့်နေရာတွင်မှ မရှိသော ဖက်ဆစ်စနစ်ကို ကျင့်သုံးနေခြင်း ဖြစ်သည်ဟု KIO ဥက္ကဋ္ဌ မိန့်ခွန်းတွင် သုံးသပ် ပြောဆိုထားသည်။ စစ်တပ်၏ အဆိုပါလုပ်ရပ်များကို ကချင်ဒေသတွင် ခံစားခဲ့ရသည်မှာ နှစ်ပေါင်း ၇၀ ကျော် ပြီဟု ဆိုထားသည်။

ပထမဆုံးသော ကချင်လွတ်လပ်ရေးအဖွဲ့ KIO/KIA ဥက္ကဋ္ဌ GOC Lahtaw Zau Seng လုပ်ကြံသတ်ဖြတ်ခံရသော ၁၉၇၅ ဩဂုတ် ၁၀ ရက်နေ့ကို ကချင်အာဇာနည်နေ့အဖြစ် KIO က သတ်မှတ်ပြီး နှစ်စဉ် ပြုလုပ်ခဲ့ရာ ယနေ့သည် ၄၆ ကြိမ်မြောက်ရှိပြီ ဖြစ်သည်။

https://burmese.kachinnews.com/2021/08/10/aug-10-s1/

*******************

### ၆။ အာဏာသိမ်းစစ်တပ် ပစ်ခတ်မှုကြောင့် မိုင်းနောင် ပြည်သူ ၂ဦး ဒဏ်ရာရရှိပြီး လူနေအိမ်များ ပျက်စီး

11th August 2021

အင်းတော်ကြီးမြို့ မမုန်ကိုင်အုပ်စု မိုင်းနောင်ကျေးရွာတွင် အာဏာသိမ်းစစ်တပ်မှ ကျေးရွာအတွင်း လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ်များလည်း ပျက်စီးသွားကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်နေ့ ည ၁၀ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ်မ ၃၃ ၊ ခလရ ၁၁ နှင့် ပြည်သူ့စစ်အဖွဲ့များပါဝင်သော အင်အား ၃၀ ကျော်ခန့်က မိုင်းနောင်ကျေးရွာ စုစည်းရပ်ကွက်ဘက်သို့ သေနတ် ရမ်းသမ်းပစ်ခတ်ခဲ့ကြောင်း အမည်မဖော်လို ဒေသခံတစ်ဦးက KNG သတင်းဌာနကို ပြောဆိုခဲ့သည်။

ပစ်ခတ်မှုကြောင့် အသက် ၄၀ အရွယ်ရှိ ဒေါ်ဒရှီလုတောင် (Jan Dashi Lu Tawng) ၏ လက်မောင်းတစ်ဖက်တွင် ကျည်ထိမှန်ထားပြီး အသက် ၅၂ အရွယ်ရှိ ဖကွန်ဘောက်ဂျာ ခါးနောက်ကျောတွင် ထိခိုက်ဒဏ်ရာရှိထားကြောင်း သိရသည်။ အဆိုပါ ပစ်ခတ်မှုမှာ တိုက်ပွဲ ဖြစ်ပွားခြင်းကြောင့် မဟုတ်ဘဲ စစ်ကောင်စီဘက်က တစ်ဖက်သတ် လာရောက်ပစ်ခတ်ခဲ့ခြင်းသာ ဖြစ်သည်ဟု ဒေသခံများက ဆိုပါသည်။ https://burmese.kachinnews.com/2021/08/11/aug-11-y1/

********************

## ၇။ တပ်မဟာမှူးစျာပနနေ့တွင် KNU မြို့နယ်ရုံးကို စစ်ကောင်စီတပ် ဝင်ရောက်တိုက်ခိုက် သိမ်းယူ

August 12, 2021

ကွယ်လွန်သွားသည့် KNLA တပ်မဟာ(၁) တပ်မဟာမှူး ဗိုလ်မှူးချုပ်စောပလေ့ စျာပနပြုလုပ်သည့်နေ့ ဩဂုတ်လ (၁၁)ရက်နေ့တွင် KNU-ကရင်အမျိုးသားအစည်းအရုံး၊ သထုံခရိုင်၏ မော်စကိုမြို့နယ်ရုံးကို စစ်ကောင်စီတပ်မှ ဝင် ရောက်တိုက်ခိုက်သိမ်းယူသွားသည်ဟု KNU ဘက်က ပြောသည်။

အဆိုပါမော်စကိုမြို့နယ်ရုံးသည် ပေါင်မြို့နယ်၊ သဲအိမ်ရွာနှင့် ကတိုက်ရွာကြားတွင်ရှိပြီး ရုံးတွင်ရှိသည့် ရဲဘော်အချို့မှ ၎င်းတို့၏ တပ်မဟာမှူးစျာပန သွားရောက်နေချိန်တွင် စစ်ကောင်စီတပ်မှ ရုံးကို ဝင်ရောက်တိုက်ခိုက်သိမ်းယူသွားကာ ရုံးတွင်ကျန်ရှိသူ ၃ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု KNU သထုံခရိုင် အတွင်းရေးမှူး ပဒိုစောစိုးမြင့်ကပြောသည်။ ၎င်းမြို့နယ်ရုံးကို စစ်ကောင်စီတပ်မှ ဝင်ရောက်သိမ်းယူသွားသည်မှာ ဟုတ်မှန်ကြောင်း၊ စစ်ကောင်စီက ကား(၄)စီးနှင့် ဩဂုတ်လ (၁၁)ရက်နေ့ ညနေပိုင်းတွင် ဝင်ရောက်တိုက်ခိုက်သိမ်းယူသွားခြင်းဖြစ်ကြောင်းလည်း ဒေသခံများထံမှ သိရ သည်။

စစ်ကောင်စီတပ်များသည် မွန်ပြည်နယ်အတွင်းရှိ KNU တပ်မဟာ(၁)နယ်မြေအပြင် ကရင်ပြည်နယ်အတွင်းရှိ KNU တပ်မဟာ(၅)နယ်မြေသို့လည်း ယခုရက်ပိုင်းတွင် စစ်အင်အားအများအပြားဖြင့် သွားရောက်လျှက်ရှိကြောင်းနှင့် တပ်စ ခန်းတိုးချဲ့လာခြင်းလည်းရှိကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များထံမှ သိရသည်။ http://kicnews.org/2021/08

*************************

## ၈။ ကျောက်ကြီး-မုန်းလမ်းမပေါ်တွင် ဝါးတားဂိတ်များကို ဖြုတ်ပေးရန် ဒေသခံလူထုတောင်းဆို

August 12, 2021

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ညောင်လေးပင်ခရိုင်ရှိ ကျောက်ကြီးနှင့် မုန်းသို့သွားရာ ကားလမ်းမပေါ်တွင် ပြည်သူ့စစ်အဖွဲ့ ဝါးတားဂိတ်ချပြီးထားခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုများ သွားလာရေး အနှောက်အယှက်ဖြစ်သည့် အတွက် ဂိတ်ဖြုတ်ပေးရန် ဒေသအတွင်းရှိ လူမှုရေးရာအဖွဲ့မှ ဩဂုတ်လ (၁၀)ရက် နေ့စွဲနှင့် သဘောထား ကြေညာ ချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။

အဆိုပါ ပြည်သူ့စစ်တပ်မှ ဝါးတားဂိတ်ချထားသည့်နေရာသည် ကေအဲန်ယူက ရောနှောအုပ်ချုပ်သည့် နေရာဖြစ်သည့် အတွက် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် လုပ်ဆောင်မှုများကို ပြည်သူနှင့်အတူ လုံးဝ မလိုလား ကြောင်း ထုတ်ပြန်ထားသည်။ ကျွန်းပင်ဆိပ်နှင့် အောင်းလောင်းစိန်ရွာတွင် ပြည်သူ့စစ်က စခန်းချထားသည်မှာကြာပြီဖြစ်သော်လည်း ၂၀၁၀ခုနှစ် နောက်ပိုင်းမှစ၍ ယင်းဂိတ်များ မရှိတော့သော်လည်း ယခုတစ်ဖန် စစ်တပ်က အာဏာသိမ်းယူပြီးနောက်ပိုင်းမှသာ ဝါးတားဂိတ် ပြန်လည်ဖွင့်လှစ်ထားခြင်းဖြစ်သည်ဟု ဒေသခံထံမှ သိရသည်။

ကျောက်ကြီးမြို့အဝင်ရှိ စစ်ကောင်စီတပ်စခန်းရှေ့တွင်လည်း စစ်တပ်အာဏာသိမ်းယူသည့် နောက်ပိုင်းတွင် အလားတူ ဝါးတားဂိတ်မျိုးဖြင့် တစ်လကျော်ကြာ ဂိတ်ချထားပြီးနောက် ပြန်လည်ဖြုတ်လိုက်ခြင်းလည်းရှိသည်ဟု ဒေသခံထံမှ သိရသည်။

http://kicnews.org/2021/08

*****************

## ၉။ ဒေသခံအမျိုးသမီးများကို ကာကွယ်အသုံးပြုပြီး စစ်ကောင်စီတပ်နှင့် BGF တပ်ဖွဲ့များ သွားလာလှုပ်ရှားနေဟု KNU ပြော

August 10, 2021

KNU-ကရင်အမျိုးသားအစည်းအရုံး သထုံခရိုင် (တပ်မဟာ-၁) ဘီးလင်းမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် နယ်ခြား စောင့်တပ်-BGF တပ်ဖွဲ့ဝင်များသည် ဒေသခံအမျိုးသမီးများကို အကာအကွယ်ယူပြီး သွားလာလှုပ်ရှားနေသည်ဟု KNU သထုံခရိုင်က ပြောသည်။

အမျိုးသမီးများကို လူသားဒိုင်းအဖြစ် အကာအကွယ်ယူပြီး ယခုလို လုပ်ဆောင်ခြင်းသည် မလုပ်ဆောင်သင့်သည့်ကိစ္စ ဖြစ်သလို အမျိုးသမီးအခွင့်အရေး ချိုးဖောက်ရာရောက်သည့်အတွက် လက်ခံ၍မရဘဲ ဆန့်ကျင်ရမည့်အရာတစ်ခုဖြစ်ကြောင်း ကရင်အမျိုးသမီးအစည်းအရုံး(KWO) အထွေထွေအတွင်းရေးမှူး နော်ကညောဖောက ပြောသည်။ KNU တပ်မဟာ(၁)တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေး သဘောတူစာချုပ်-NCA လက်မှတ် မထိုးခင်အချိန်ထိ စစ်ကောင်စီတပ်ဘက်မှ စစ်ရေးလှုပ်ရှားမှု လုပ်ဆောင်နေသည့်အချိန်တွင် ဒေသခံရွာသားများနှင့် အမျိုးသမီးများကို လူသားဒိုင်းသဖွယ် အသုံးပြုပြီး သွားလာလှုပ်ရှားမှု မကြာခဏ လုပ်ဆောင်ခဲ့သည့်အပြင် ကျေးရွာအတွင်းရှိ လူနေအိမ်များတွင် လနှင့်ချီကာ တပ်စွဲနေရာယူထားခြင်းလည်းရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် KNU သထုံခရိုင် ဘီးလင်းမြို့နယ်တွင် စစ်ကောင်စီဘက်မှ သတင်းအမှောင်ချသည့်ပုံစံဖြင့် MPT နှင့် တယ်လီ နောစသည့် ဆက်သွယ်ရေးဖုန်းလိုင်းများအားလုံးကို ပိတ်ထားလျက်ရှိပြီး စစ်တပ်ပိုင် Mytel ဆက်သွယ်ရေး ဖုန်းလိုင်း တစ်ခုသာ အသုံးပြု၍ရကြောင်း ဒေသခံထံမှ သိရသည်။ http://kicnews.org/2021/08

**********************

## ၁၀။ ၁၃ ဦးမြောက် ပဒို မန်းရှာလူငယ်ခေါင်းဆောင်ဆုအတွက် လူမှုရေး တက်ကြွလှုပ်ရှားသူ စောမင်းခလိန်း ပေးအပ်ခံရ

August 10, 2021

၂၀၂၀ ခုနှစ်အတွက် ပေးအပ်သည့် ၁၃ ဦးမြောက် ယခင်ကရင်အမျိုးသားအစည်းအရုံး-KNU အထွေထွေ အတွင်း ရေးမှူးချုပ်ဟောင်း ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆုကို ကော့ကရိတ်မြို့နယ် အခြေစိုက် လူမှုရေး တက်ကြွလှုပ်ရှားဆောင်ရွက်သူနေသူ စောမင်းခလိန်းကို ပေးအပ်ချီမြှင့်ခဲ့သည်။

ကော့ကရိတ်မြို့နယ်အတွင်း Harmony Youth Association (HYA) ကို ဖွဲ့စည်းတည်ထောင်သူနှင့် အဖွဲ့၏ အုပ် ချုပ်ရေးဒါရိုက်တာလည်းဖြစ်သူ စောမင်းခလိန်း အနေဖြင့် ဒေသအတွင်း အခြေခံ လူ့အခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော် ပညာပေးမှုများအပြင် ဒေသတွင်း အခြေခံလူတန်းစားများအတွက် လိုအပ်သည့် ပညာရေး စည်းရုံးလှုံ့ဆော်မှုများတွင် ဦးဆောင်လှုပ်ရှားဆောင်ရွက်နိုင်ခြင်းအပေါ် ဖန်းဖောင်ဒေးရှင်းမှ တစ်နှစ် တစ်ခါ ရွေးချယ်ချီးမြှင့်သည့် အဆိုပါ လူငယ်ခေါင်းဆောင်ဆုကို ချီးမြှင့်ခြင်းဖြစ်သည်ဟု ယနေ့ ထုတ်ပြန်သည့် ဖန်းဖောင်ဒေးရှင်း၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထို့အပြင် ၎င်းအနေဖြင့် ၎င်းရရှိခဲ့သည့် ဆုကြေးငွေများကို လူငယ် ပညာရေးအတွက်၊ လတ်တလော ကျန်း မာရေး အခြေအနေများအတွက်နှင့် အရေးပေါ် ကယ်ဆယ်ရေး အစီအစဉ်များအပြင် ၎င်း၏ လူမှုရေးလုပ်ငန်းဆောင်မှုများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်းလည်း စောမင်းခလိန်း က ဆက်ပြောသည်။ http://kicnews.org/2021/08/

## ၁၁။ ပလက်ဝမြို့တွင် လျှပ်စစ်မီး ပုံမှန်မပေးနိုင်သောကြောင့် ကိုဗစ်လူနာများ အောက်ဆီဂျင်ကို အလှည့်ကျဖြင့် ရှူနေရ

AUGUST 10, 2021

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့တွင် ဩဂုတ်လ ၆ ရက်ကစပြီး လျှပ်စစ်မီးကို တရက်ခြားဖြင့် တစ်နေ့ ၃ နာရီခန့်သာ ဖြန့်ဖြူးပေးနိုင်တော့သည့်အတွက်ကြောင့် ပြည်သူ့ဆေးရုံတွင်ကြပ်မတ်ကုသနေကြသည့် ကိုဗစ်လူနာများအား အောက်ဆီဂျင်ကို အလှည့်ကျဖြင့် ရှူခိုင်းနေရသည်ဟု ပလက်ဝမြို့ ပြည်သူ့ဆေးရုံက ဒေါက်တာ ခိုင်ဝင်း ကပြောသည်။

ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းမရသေးသည့်အတွက် လျှပ်စစ်မီးဖြန့်ဖြူးရာတွင် ၅၀၀ ကေဗီမီစက် ၁လုံးနှင့် ၃၀၀ ကေဗီ စက် ၁လုံးကိုု အသုံးပြုကာ ပလက်ဝမြို့ကို ၂ခြမ်းခွဲပြီး ၁ရက်ခြားဖြင့် ည ၆ နာရီကနေ ၁၀ နာရီထိ လျှပ်စစ်မီးကိုအ သုံးပြုနိုင်ရန် အတွက် အလှည့်အကျ ဖြန့်ဖြူးပေးနေကြောင်းသိရသည်။

ပလက်ဝမြို့ လျှပ်စစ်မီးကို ပုံမှန်မရရှိကြသည့်အတွက် အိမ်ရှင်မများ ချက်ပြုတ်ရေးပိုင်း၊ ရုံးလုပ်သ မားများ နှင့် ပြည်သူလူထုများ အခက်အခဲဖြစ်သွားမည်သည်ဟု ပလက်ဝမြို့ ခံတစ်ဦးကလည်းပြောသည်။ ချင်းပြည်နယ်တွင် မြို့နယ် ၉ မြို့နယ်ရှိပြီး ပလက်ဝမြို့ ၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် မဟာဓာတ်အားလိုင်း မရရှိသေးကြောင်းသိရသည်။

https://khonumthung.org/

*********************

## ၁၂။ ကန်ပက်လက်မြို့နယ် ခွဲလုံသာရွာ မီးလောင်မှု လူ ၃ ဦးသေဆုံး

AUGUST 10, 2021

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ခွဲလုံသာကျေးရွာတွင် ဩဂုတ်လ ၈ ရက်နေ့ ည ၁၂ နာရီ ဝန်းကျင်ကစပြီး လူနေအိမ်တလုံး မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အသက် ၇၈ အရွယ် အဘိုးအိုနှင့် မြေး ၂ယောက် သေဆုံးသွားသည်ဟု သိရသည်။

မီးလောင်မှုကြောင့် သေဆုံးသူများမှာ အသက် ၇၈ နှစ်အရွယ် အဖိုးအိုနှင့် မြေး ၂ ယောက်ဖြစ်သည့် ၁၂ နှစ်အရွယ် မိန်းကလေး နှင့် ၉ နှစ်အရွယ် မိန်းကလေးတို့ဖြစ်ကြသည်ဟု သိရသည်။

ခွဲလုံသာကျေးရွာသည် ကန်ပက်လက်မြို့နှင့် မိုင် ၃၀ ကျော်ဝန်းကျင် ခန့်ကွာဝေးပြီး ငှင်းမီးဘေးသင့် မိသားစုဝင်အတွက် ကန်ပလက်မြို့နယ် ကြက်ခြေနီအသင်းက ကူညီထောက်ပံ့မှုများလည်း ရှိသည်ဟု သိရသည်။ https://khonumthung.org/

*********************

## ၁၃။ တရုတ်နိုင်ငံမှ ဝယ်ယူမှုဆက်လက်ရပ်ဆိုင်းထားပါက မွန်ပြည်နယ်ငါးလုပ်ငန်းများ ပိတ်သိမ်းရမည့် အခြေအနေ ကြုံတွေ့လာနိုင်

(၂၀၂၁ ဩဂုတ် ၁၁)

မြန်မာ့ထွက်ကုန်ငါးများကို တရုတ်နိုင်ငံမှ ဝယ်ယူမှု ဆက်လက်ရပ်ဆိုင်းထားမည်ဆိုပါက မွန်ပြည်နယ်ထွက် ငါးလုပ်ငန်းများ ပိတ်သိမ်းရမည့် အခြေအနေနှင့် ကြုံတွေ့လာနိုင်ကြောင်း ပြည်နယ်ငါးလုပ်ငန်းအဖွဲ့မှ သိရသည်။

ငါးများကို တရုတ်နိုင်ငံမှ အဓိက ဝယ်ယူနေသော်လည်း လက်ရှိတွင် ကိုဗစ်တတိယလှိုင်း ဖြစ်ပွားနေသောကြောင့် ဝယ်ယူမှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ငါးလုပ်ငန်းပြန်ဖွင့်ရာသီဖြစ်ပြီး ငါးဈေးကောင်းသော လဖြစ်သော်လည်း ဩဂုတ်လကုန်ထိ ပြည်ပ ဝယ်ယူမှု မရှိပါက လုပ်ငန်းများ ပိတ်သိမ်းရမည်ဖြစ်ကြောင်း ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

ပြည်တွင်းဈေးကွက်တွင်လည်း ငါးဈေးများ ဆက်လက်ကျဆင်းနေပြီး ပြည်ပ ဝယ်ယူမှု ဆက်လက်ရပ်ဆိုင်းထားပါက လုပ်ငန်းရှင်များအတွက် ငွေကြေးခက်ခဲလာမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့အတူ တရုတ်နိုင်ငံမှ ငါးဝယ်ယူမှု ရပ်ဆိုင်းထားသည်မှာ ၆ လကျော်နေပြီဖြစ်ကြောင်း မော်လမြိုင် ကျောက်မီးသွေးဈေးမှ ငါးလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

https://burmese.monnews.org/2021/08/12

**********************

## ၁၄။ စစ်တွေမြို့ရှိ ဗုဒ္ဓေါမော်စစ်ဘေးရှောင်စခန်း အကူအညီလိုအပ်

11 Aug, 2021

စစ်တွေမြို့ရှိ ဗုဒ္ဓေါမော် ဘုန်းတော်ကြီးကျောင်း စစ်ဘေးရှောင် စခန်းတွင် လူကယ်ပြန်က ထောက်ပံ့သော ဆန်ရိက္ခာမရောက်သည်မှာ (၃) လခန့်ရှိနေပြီဖြစ်သဖြင့် စစ်ဘေးရှောင် ၂၀၀ ကျော် စားရေးသောက်ရေးနှင့် အခက်အခဲ ကြုံတွေ့နေရသည်ဟု သတင်းရရှိသည်။

၎င်းစစ်ဘေးရှောင်စခန်းတွင် ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ အိမ်ထောင်စု(၇၁)စုနှင့်လူဦးရေ ၂၇၅ ဦး တို့နေထိုင်ကြောင်းသိရှိရသည်။

၎င်းတို့အနေဖြင့် စားရေးသောက်ရေး အထူးအခက်အခဲဖြစ်နေကြသဖြင့် နေရပ်ပြန်လိုသော်လည်း မိုင်းအန္တရာယ်နှင့် ရွာအနီးစစ်တပ်များ ရှိနေသေးသဖြင့် မပြန်ရဲကြဘဲ ဖြစ်နေသည်ဟု ဆိုသည်။ https://burmese.narinjara.com/news/detail

**************************

## ၁၅။ ကိုဗစ်လူနာ ၉ ဦးအထိရှိနေသည့် လေးတောင်တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိသည်မှာ ၂လနီးပါးရှိနေ

11 Aug, 2021

ကိုဗစ်ကူးစက်လူနာ ၉ ဦးအထိရှိနေသည့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့ရှိ တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိသည်မှာ ၂ လ နီးပါးရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ လေးတောင်တိုက်နယ်ဆေးရုံတွင် ယခင်က ဆရာဝန်ရှိခဲ့သော်လည်း ယခုနှစ် ဖွန်လဆန်းပိုင်းက ရာထူးတိုးဖြင့် ပြောင်းရွှေ့သွားပြီးနောက်ပိုင်း ဆရာဝန် အသစ်ခန့်အပ်မှု မရှိသေးကြောင်း ဒေသခံများက ပြောသည်။

လေးတောင်တိုက်နယ်ဆေးရုံတွင် အထက်တန်းသူနာပြု ၂ ဦး၊ အငယ်တန်းသူနာပြု ၁ ဦးသာရှိပြီး အထက်တန်းသူနာပြု တစ်ဦးမှာ ကိုဗစ်လူနာနှင့်ထိတွေ့မှုရှိ၍ Home Quarantine ဝင်နေရကြောင်း သိရသည်။ လေးတောင်တိုက်နယ်ဆေးရုံသည် လေးတောင်မြို့၊ ကံဒိုင်းတိုက်နယ်နှင့်ကျောက်ချောင်းတိုက်နယ်တို့ရှိ လူဦးရေ ၃ သောင်းကျော် အားကိုးအားထားပြုနေရသော ဆေးရုံဖြစ်ကြောင်း ဦးတင်မိုးက ပြောသည်။

ယခုကိစ္စနှင့်ပတ်သက်၍ ရမ်းဗြဲမြို့နယ်ဆရာဝန်ကို နိရဉ္စရာက ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရသေးပါ။

https://burmese.narinjara.com/news/detail/6113b4c91002ba04798cd735

************************

### ၁၆။ ရခိုင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ချင်းလူမျိုးဦးတင်လှကို ခန့်အပ်မှုအပေါ် ချင်းအဖွဲ့အစည်း (၆)ဖွဲ့ ကန့်ကွက်

11 Aug, 2021

အိမ်စောင့်အစိုးရ၏ ရခိုင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ချင်းလူမျိုး ဦးတင်လှအား ခန့်အပ်ခြင်းကို ကန့်ကွက်ကြောင်း ရခိုင်ပြည်နယ်က ချင်းအရပ်ဖက်အဖွဲ့အစည်း ၆ ဖွဲ့က ဩဂုတ်လ ၈ ရက် နေ့စွဲဖြင့် ပူးတွဲ ကြေညာချက်ထုတ်ပြန်သည်။

၎င်းအဖွဲ့ ၆ ဖွဲ့၏ ကျေညာချက်ထဲတွင် အာဏာသိမ်းမှုကြောင့် ချင်းလူမျိုးများ အပါအဝင် မြန်မာနိုင်ငံရှိ လူမျိုးပေါင်းစုံမှ စစ်အာဏာရှင်စနစ် ပျက်သုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်လာရေးအတွက် အသက်ကိုပင်စတေးပြီး တော်လှန်နေကြသည့် အချိန်တွင် စစ်အာဏာရှင် သက်ဆိုးရှည်စေမည့် ယန္တရားအောက်တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး လက်ခံခြင်းသည် မသင့်လျော်ကြောင်း ရခိုင်ပြည်နယ်မှ ချင်းအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ရှုမြင်သည်ဟု ဖော်ပြပါရှိသည်။

အဆိုပါပူးတွဲ ကြေညာချက်တွင် ဦးတင်လှသည် ရခိုင်ပြည်နယ်ရှိ ချင်းလူမျိုးများ ရွေးကောက် တင်မြှောက်ထားသူ မဟုတ်သဖြင့် ချင်းလူမျိုးများကို ကိုယ်စား မပြုကြောင်း၊ ရခိုင်ပြည်နယ်ရှိ ချင်းအရပ်ဖက်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ အနေဖြင့်လည်း စစ်ကောင်စီနှင့် မပူးပေါင်းရန် တိုက်တွန်းကြောင်းပါဝင်သည်။ အိမ်စောင့်အစိုးရက ချင်းပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ပလက်ဝဒေသခံ ရခိုင်လူမျိုး ဦးစိန်ထွန်းလှအား ခန့်အပ်ခြင်းကိုလည်း ချင်းပြည်နယ်၌ ဝေဖန်ကန့်ကွက်မှုများ ရှိခဲ့သည်။ https://burmese.narinjara.com/news/detail/6113b2a01002ba04798cd72f

***********************

### ၁၇။ တောင်ကြီး လူငယ် (၂)ဦး စစ်ကောင်စီ ရိုက်နှက် ဖမ်းဆီးသွား

August 13, 2021

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း Mytel ရုံးအနီးတွင် စစ်ကောင်စီက ဆိုင်ကယ်စီးလာသည့် လူငယ်နှစ်ဦးကို ရိုက်နှက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားကြောင်း စုံစမ်းသိရှိရသည်။

ယနေ့ ဩဂုတ် (၁၃) ရက် မနက် (၉) နာရီခန့်တွင် ဆာကူရာသံဆိုင်ရှေ့တွင် အိမ်စီးကားဖြင့် ရပ်ထားသည့် စစ်ကား၊ ရဲကား (၅) စီးဖြင့် ထို လူငယ် (၂)ဦး ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။ အဆိုပါ လူငယ်နှစ်ဦးကို မည်သည့်အကြောင်းပြချက်ဖြင့် ဖမ်းသွားသည်ကို မသိရှိရပေ။

အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီတပ်ဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ လူငယ်(၃၀၀) ကျော် အကြောင်းပြချက်မရှိ လိုက်လံဖမ်းဆီး ခဲ့ကြောင်း ရှေ့နေများ ပြောပြချက်အရ သိရသည်။ https://burmese.shannews.org/archives/23678

**********************

## ၁၈။ တရုတ်နယ်စပ်မျဉ်း ပန်ဆိုင်းမြို့ အနီးရောက် စစ်ရှောင် မိုးကာနှင့် ဆေးဝါးလိုအပ်နေ

August 13, 2021

သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် ပန်ဆိုင်းမြို့အနီး တရုတ်နယ်စပ်မျဉ်းပေါ်တွင် ရောက်ရှိနေသည့် စစ်ရှောင် (၂၀၀) ကျော်အတွက် မိုးကာ နှင့် ဆေးဝါးများ အရေးပေါ် လိုအပ်နေကြောင်း စုံစမ်းသိရှိရသည်။

ဩဂုတ် (၂)ရက် တွင် စစ်ကောင်စီတပ်နှင့် ကိုးကန့်တပ်( MNDAA)တို့ တိုက်ပွဲဖြစ်ပြီး စစ်ကောင်စီဘက်မှ အရပ်သားနေထိုင်သည့်ကျေးရွာထဲ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ(၂၀၀)ကျော်ထွက်ပြေး တိမ်းရှောင်ကာ တရုတ်နယ်စပ်မျဉ်း ပန်ဆိုင်းမြို့တွင် ရောက်ရှိနေရခြင်းဖြစ်သည်။ ထိုစစ်ရှောင် (၂၀၀)ကျော်နေထိုင်သည့် နေရာသည် မိုးသည်းထန်ရွာကာ ရေကြီးလာသည့်အတွက် ရေလွတ်ရာသို့ပြောင်းရွှေ့နေထိုင်ရကြောင်း လည်း သိရသည်။ ယခုရက်ပိုင်း စစ်ရှောင် (၂၀၀)ကျော်အတွက် အနီးတဝိုက်ရှိ အလှူရှင်များက စားသောက်ရေး အပိုင်းကို ကူညီဖြေရှင်းပေးနေကြောင်း သိရသည်။

မူဆယ်ခရိုင်အတွင်း မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့ဝင်များ ဖြစ်ကြသည့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက် ရေးတပ်မတော် (TNLA) တပ်များနှင့် စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။ https://burmese.shannews.org/archives/23673

*********************

## ၁၉။ ကျောက်မဲ စစ်ရှောင် (၁၀၀)ခန့် အရေးပေါ် စားနပ်ရိက္ခာလိုအပ်နေ

August 12, 2021

သျှမ်းမြောက် ကျောက်မဲမြို့နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ (၁၀၀)ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အရေးပေါ် စားနပ်ရိက္ခာလိုအပ်နေကြောင်း စုံစမ်းသိရသည်။

ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာအုပ်စု ပန်ကွမ်နှင့် ပန်ဖြတ်ကျေးရွာတွင် ဩဂုတ် ၁၀ ရက်တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံ(၁၀၀)ခန့် ထွက်ပြေးခဲ့ရပြီး လက်ရှိမှာ စားနပ်ရိက္ခာ အရေးပေါ်လိုနေကြောင်း ကျောက်မဲမြို့ မှ ပရဟိတ အဖွဲ့များက ပြောသည်။

သျှမ်းမြောက် သီပေါမြို့နယ် နမ့်လန်ဒေသအနီးရှိ ဝမ်ကောင်းနှင့်လွယ်လုံရွာကြားတွင်လည်း ယမန်နေ့ မနက်ပိုင်းတွင် RCSS/SSA နှင့် SSPP/SSA တို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ (၃၀၀)ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး၊ ယနေ့မှ တိုက်ပွဲပြန်ငြိမ်သက်သွားသဖြင့် နေရပ်သို့ ပြန်သွားကြောင်း သိရသည်။ https://burmese.shannews.org/archives/23669

*******************

## ၂၀။ သျှမ်းမြောက် တိုင်းရင်းသားအချင်းချင်း နယ်မြေအပြန်အလှန်ကျူးကျော်မှုကြောင့် တိုက်ပွဲပြန်ဖြစ်

August 12, 2021

ယခုလက်တလောတွင် သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်တို့တွင် သျှမ်းတပ် ၂ တပ် နှင့် မြောက်ပိုင်း မဟာမိတ် (TNLA၊SSPP/SSA ) တို့သည် အပြန်အလှန် နယ်မြေကျူးကျော်မှုကိစ္စကြောင့် တိုက်ပွဲဖြစ်ပွားပြန်ဖြစ်ရကြောင်း လက်နက်ကိုင် တပ်ဖွဲ့များ၏ တာဝန်ရှိသူများက သျှမ်းသံတော်ဆင့် ကို ပြောသည်။

အလားတူ ယမန့်နေ့ ဩဂုတ် ၁၁ ကျောက်မဲမြို့နယ် ပန်းဖြတ်တွင်လည်း သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS/SSA နှင့် မြောက်ပိုင်း မဟာမိတ်( SSPP/SSA) ၊ (TNLA) တို့သည် တိုက်ပွဲဖြစ်ပွားခဲ့ပြီး အရပ်သား နေအိမ်နှင့် ဘုန်းကြီးကျောင်တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ပွဲကိစ္စနှင့်ပတ်သတ်ပြီး သျှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA ပြောခွင့်ရ ဗိုလ်မှူး စိုင်းဖုန်းဟန် ကို သျှမ်းသံတော်ဆင့်မှ အကြိမ်ကြိမ် ဖုန်းဆက်ပြီး ဖုန်းဝင်သော်လည်း ဖုန်းကိုင်ဖြေကြားပေးခြင်းမရှိပေ။ သျှမ်းတပ် (၂)တပ် တိုက်ပွဲ မဖြစ်ရန် သျှမ်းသံဃာတော်များ၊ သျှမ်းပြည်သူများက အကြိမ်ကြိမ်တိုက်တွန်း ပြောဆိုခဲ့သော်လည်း သျှမ်းတပ်(၂)တပ်သည် နားထောင်ခြင်းမရှိပေ။ https://burmese.shannews.org/archives/23663

*********************

## ၂၁။ အာဏာသိမ်းတပ် ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူ ၅ ဦး ထိခိုက်ဒဏ်ရာရ

August 12, 2021

ဩဂုတ်လ ၁၀ ရက်နေ့ ည ၁၀ ခွဲကျော် အချိန်ဝန်းကျင်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း သွားရောက်အခြေချလှုပ်ရှား အမှတ် (၁၁) ခြေမြန်တပ်ရင်း မှ လက်နက်ကြီးငယ်ဖြင့် မိုင်းနောင် ကျေးရွာ အတွင်းသို့ ပစ်ခတ်သဖြင့် ကလေးငယ် ၂ ဦးအပါအဝင် စုစုပေါင်း ၅ ဦးက ထိခိုက်ဒဏ်ရာ ရှိသွားကြောင်း နေအိမ်အချို့လဲ ထိခိုက်ပျက်စီးကြောင်းကြားသိရသည်။

စစ်ကောင်စီတပ်သားများမှ သေနတ်များဖြင့် ကျေးရွာ ရပ်ကွက်တွင်းသို့ မဆင်မခြင် ရမ်းသမ်း ပစ်ခတ်မှု ကြောင့် ထိခိုက်ဒဏ်ရာရှိသူများကို မိုးညှင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုများ ခံယူနေကြောင်းသိရသည်။

အကြောင်းရင်း မသိရဘဲ စစ်ကောင်စီတို့၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် မိုင်းနောင်ကျေးရွာ အိမ် ၄ လုံးထိမှန်ကြောင်း၊ သွပ်ခေါင်မိုးများ၊ ထရံနှင့် ပြတင်းပေါက်များ ပေါက်ပြဲသွားကြောင်း သိရသည်။ အမှတ် ၁၁ ခြေမြန်တပ်ရင်း (ခမရ ) သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှာတောင်မြို့အခြေစိုက် အမှတ် ၃၃ တပ်မဌာနချုပ် လက်အောက်ခံ ရွှေဘိုမြို့တွင်အခြေစိုက်သည့် တပ်ရင်းဖြစ်သည်။ https://burmese.shannews.org/archives/23653

***********************

## ၂၂။ ကယားမှာ လက်နက်ကြီးကြောင့် ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရ

2021-08-12

ကယား(ကရင်နီ)ပြည်နယ် ဖရူဆိုမြို့နယ်အတွင်းမှာ စစ်ကောင်စီနဲ့ ကရင်နီအမျိုးသားကာကွယ်ရေး တပ်(KNDF)၊ ကရင်နီတပ်မတော်(KA) ကရင်နီတပ်မတော် ပူးပေါင်းအဖွဲ့တို့ ဩဂုတ်လ ၁၂ ရက် ဒီနေ့မှာ တိုက်ပွဲတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က ပစ်ခတ်တဲ့လက်နက်ကြီးကြောင့် ဒေသခံနှစ်ဦး ထိခိုက် ဒဏ်ရာရခဲ့တယ်လို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) တာဝန်ရှိသူတစ်ဦးက RFA ကို ပြောပါတယ်။

ဒီနေ့တိုက်ပွဲမှာ စစ်ကောင်စီတပ်ဘက်က အကျအဆုံးရှိပေမယ့် အရေအတွက် မသိရသေးဘူးလို့ ကရင်နီ အမျိုးသားကာကွယ်ရေးတပ် (KNDF) တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီနေ့မနက်ကဖြစ်ပွားခဲ့တဲ့ အဲဒီတိုက်ပွဲဟာ အချိန်ဆယ့်ငါးမိနစ် ကြာမြင့်ခဲ့တယ်လို့လည်းပြောပါတယ်။

ဒီနေ့တိုက်ပွဲမှာ စစ်ကောင်စီတပ်ဘက်က အကျအဆုံးရှိတယ်လို့ ပြောဆိုချက်အပြင် အရပ်သားတွေ ထိခိုက် ဒဏ်ရာရတာနဲ့ ပတ်သက်လို့ စစ်ကောင်စီရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ ကရင်နီပြည်နယ်မှာဆိုရင် စစ်ကောင်စီနဲ့ ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) ၊ ကရင်နီတပ်မတော် (KA) ပူးပေါင်းအဖွဲ့တို့ မကြာခဏ တိုက်ပွဲဖြစ်ပွားနေတာဖြစ်ပါတယ်။ https://www.rfa.org/burmese/news/military-attack-two-villagers-injure-in-hpruso-08122021071205.html

************************

## ၂၃။ ထန်တလန်မြို့က ကြံ့ခိုင်ဖွံ့ဖြိုးရေး အမတ်ဟောင်း နေအိမ်မှာ ဗုံးပေါက်ကွဲ

2021-08-12

ချင်းပြည်နယ်မြောက်ပိုင်း ထန်တလန်မြို့မှာ ဩဂုတ်လ ၁၁ ရက် မနေ့ညပိုင်းမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အမတ်ဟောင်း ဒေါက်တာမှုထန်ရဲ့နေအိမ်မှာ ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီပေါက်ကွဲမှုကြောင့် နေအိမ်ပြတင်းအချို့ ပျက်စီးသွားပေမယ့် လူထိခိုက်ဒဏ်ရာ ရတာမရှိဘူးလို့ အခင်းဖြစ် နေရာကို သွားရောက်ကြည့်ရှုခဲ့တဲ့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ထန်တလန်မြို့ခံတစ်ဦးက RFA ကို ပြောပါတယ်။ စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်အဖွဲ့ CDF တို့ တိုက်ပွဲ ဖြစ်ပွားခဲ့တဲ့ မင်းတပ်မြို့နယ်က ရွှေအောင်သာ ကျေးရွာမှာတော့ ဒီနေ့ မနက်ပိုင်းက လက်နက်ကြီးသံနဲ့ သေနတ်သံတွေ ကြားရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဖလမ်းမြို့ထဲမှာလည်း ဩဂုတ်လ ၁၁ ရက်နေ့ မနေ့ညပိုင်းနဲ့ ဩဂုတ် ၁၂ ဒီနေ့ မနက်ပိုင်းမှာ လက်နက်ကြီးသံနဲ့ သေနတ်သံတွေ ဆက်တိုက်ကြားနေရတယ်လို့ ဒေသခံတွေက ဆိုပါတယ်။ https://www.rfa.org/burmese/news/chin-usdp-former-mp-home-explosion-08122021070101.html

********************

## ၂၄။ ရခိုင်မှာ ကုလနဲ့ နိုင်ငံတကာဖွဲ့အစည်းတွေကို စစ်တပ်က အသွားအလာတင်းကျပ်

2021-08-12

ရခိုင်ပြည်နယ်အတွင်းမှာ လူသားချင်းစာနာမှု အကူအညီတွေပေးနေတဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ လူမှုအဖွဲ့အစည်းတွေရဲ့သွားလာမှုတွေကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ဩဂုတ်လ ၅ ရက်နေ့က တင်း ကျပ်ကန့်သတ်လိုက်ပါတယ်။ အဲဒီလိုကန့်သတ်တဲ့စာကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား အတွင်းရေးမှူး စိုင်းသော်ဝင်းက လက်မှတ် ထိုးပြီး ဩဂုတ်လ ၇ ရက်နေ့မှာ နိုင်ငံတကာအဖွဲ့အစည်းတွေထံကို ပေးပို့ခဲ့တာပါ။

RFA က ရရှိထားတဲ့ အဲဒီအကြောင်းကြားစာထဲမှာ UN၊ INGO၊ NGO တွေအနေနဲ့ နယ်မြေခံ လုံခြုံရေးအဖွဲ့ အစည်းတွေရဲ့ စစ်ဆေးရေးဂိတ်တွေမှာ မပျက်မကွက်စစ်ဆေးမှုတွေခံယူဖို့နဲ့ ခရီးမသွားလာခင်မှာ ခရီးစဉ် တစ်ခုအလိုက် အကြောင်းအရာ၊ ယာဉ်မောင်းအမည်၊ ယာဉ်အမျိုးအစား၊ ယာဉ်ပေါ်မှာပါမယ့် လူဦးရေနဲ့ ကုန်ပစ္စည်းတွေစတဲ့ အသေးစိတ်စာရင်းတွေကို တိုင်းစစ်ဌာနချုပ်သို့ ကြိုတင်အသိပေးအကြောင်းဖို့ကို ရေးသားထားပါတယ်။

မြောက်ဦးမြို့နယ် တိမ်ညိုစစ်ဘေးဒုက္ခသည်စခန်းမှာဆိုရင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) က ဒုက္ခသည်စခန်းအတွက် ဒီနေ့ ရိက္ခာဖြန့်ဝေရမှာဖြစ်ပေမယ့် မလာနိုင်တော့တဲ့အကြောင်း မနေ့က ဩဂုတ် လ ၁၁ ရက်နေ့က အကြောင်းကြားလာတာကြောင့် ဒုက္ခသည်တွေအတွက် ရိက္ခာအခက်အခဲဖြစ်နေတယ်လို့ စခန်းတာဝန်ခံ ဦးစိုးနိုင် က RFA ကို ပြောပါတယ်။ ဒီလိုကန့်သတ်တာနဲ့ ပတ်သက်လို့ ကုလသမဂ္ဂအဖွဲ့ရဲ့ တုံ့ပြန်ချက်ကိုရဖို့ RFA က ကြိုးစားနေပါတယ်။

https://www.rfa.org/burmese/news/military-restrict-un-and-ngo-ingo-in-rakhine-08122021065156.html

*********************

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **